# ကုန်းတန်းကြီးကျေးရွာ
# ပန်းတနော်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
## (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
ကုန်းတန်းကြီးကျေးရွာ၊ပန်းတနော်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃-၄ |
| | **ကုန်းတန်းကြီး ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွန်ပြပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့** | ၅-၇ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၈-၈ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၈-၉ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၉-၉ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉-၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀-၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀-၁၀ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၀-၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၁-၁၁ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁-၁၂ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၂-၁၂ |
| ၆။ | **ပညာရေး** | ၁၂-၁၂ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂-၁၃ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃-၁၃ |
| ၉။ | **ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃-၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၄-၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅-၁၅ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆-၅၈ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၉-၆၀ |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း | ၆၁-၆၁ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | ၆၂-၆၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကုန်းတန်းကြီး ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို

အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုး ရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကုန်းတန်းကြီးကျေးရွာ ၊ပန်းတနော်မြို့နယ်

## ကုန်းတန်းကြီးကျေးရွာ သယံဇာတ မြေပုံ၊ ပန်းတနော်မြို့



## ကုန်းတန်းကြီးကျေးရွာ ရာသီခွင်ပြ မြေပုံ၊ ပန်းတနော်မြို့



# မြစ်ဝ ကျေးရွာအုပ်စု၊ ကုန်းတန်းကြီး ကျေးရွာ (Venn Diagram)



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၁၇)မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါ သည်။

ကုန်းတန်းကြီးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ မြစ်ဝ ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့် (၁၂) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ သရက်တော ကျောက်တိုင်၊ ဆင်သေကျေးရွာ၊ ထိန်ကုလားကုန်းကျေးရွာ၊ ညောင်ပင်သာ ကျေးရွာတို့ ဖြစ်ပါသည်။ ကုန်းတန်းကြီးကျေးရွာသည် လယ်လုပ်ငန်း အဓိက လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားလုပ်ငန်းများကိုလည်း ကျပန်းအနေဖြင့် အနည်း ငယ် လုပ်ကိုင်သော ဒေသ တစ်ခုလည်း ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် ၂၉.၂၂ ံC ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ံC ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်း သောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ကုန်းတန်းကြီးကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှုမှာ သဲ ကို ချောင်းမြောင်းတွင် ထုတ်ယူရရှိပါသည်။ သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် ကုလားပင်စိမ်း စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။ လယ်ယာမြေ အသင့် အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူ အားလုံးမှာ

ချောင်းရေနှင့် အဝီစိတွင်းရေဖြင့်လယ်မြေကေ (၁၂၀)ကျော်သာ စိုက်ပျိုးနိုင်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ကေ (၁၃၂) ကေ ရှိပြီး ပြောင်းနှင့် ပဲများ စိုက်ပျိုးကြပါသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၅)ဦး၊ ဂေါပကအဖွဲ့(ကျား- ၁၀)ဦး၊ မ - ၄ဦး၊ ပရဟိတ အဖွဲ့ (ကျား-၁၇၊ မ-၁၄)၊ လမ်းကော်မတီ (ကျား-၈)၊(မ -၃)၊ ကျောင်းကော်မတီ (ကျား-၁ ဦး၊ မ-၃ ဦး) တို့သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုရေးများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်း ခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၄။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကုန်းတန်းကြီးကျေးရွာတွင် မြေယာမဲ့ (၄၅)အိမ်၊ ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၇)အိမ်ထောင်စု၊ ၂.၅ကေမှ ၅ကေကြားရှိ တောင်သူငယ်(၂၃)အိမ်ထောင်စု၊ ၅ကေမှ ၁၂.၅ကေကြားရှိ တောင်သူလတ်(၈)အိမ်ထောင်စု၊ ၁၂.၅ကေ အထက်ရှိ တောင်သူကြီး (၁)အိမ်ထောင်စု စသည်တို့ ရှိကြသည်။ အဓိအားဖြင့် စပါး၊ မတ်ပဲကို အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စု အနည်းငယ်သည် နေ့စား/ကျပန်းအဖြစ် လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ အင်းရေနှင့် အဝီစိတွင်းမှ ရရှိသော ရေကို အဓိက အသုံးပြု၍ စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေး အလုံအလောက် မရရှိသဖြင့် သီးနှံအထွက်နှုန်းမှာ (၄၅) ရာခိုင်နှုန်းခန့် ရှိပြီး သီးနှံ အထွက်နှုန်း မကောင်းကြောင်း တွေ့ရှိရသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်းစက်(၁၂)စီး၊ခြွေလှေ့စက် (၁၀)လုံး၊ ရေစုပ်စက် (၃၀) လုံးရှိပြီး ငှားရမ်းလုပ်ကိုင် ကြသော တောင်သူများလည်း ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ပန်းတနော်ဈေးနှင့် ရန်ကုန်ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်သော် လည်းကောင်း၊ ကုန်သည်ပွဲစားများမှ တဆင့်သော်လည်းကောင်း၊ ရောင်းချနိုင်ကြပါသည်။ မိုးတွင်းကာလတွင် ရေနက်ကွင်းလယ်မြေများမှာ ၇၅ ရာခိုင်နှုန်းလောက် ရေမြုပ်ပြီး ၂၅ ရာခိုင်နှုန်းလောက်သာ လုပ်ကိုင်နိုင်ကြသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူထားသည့် အိမ်ထောင်စုမှာအများစုမှာ (၂) အိမ်ထောင်စုရှိပြီး ဝက်ကောင်ရေ (၂)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၇၂)အိမ်ရှိပြီး ကြက်ကောင်ရေ (၃၆၂)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စုမှာ(၁၀)အိမ်ထောင်စုရှိပြီး ဘဲကောင်ရေ(၅၆) ကောင်စသည် ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှု များ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့် အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက် သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကုန်းတန်းကြီးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ဆိုင်ကယ်တက်စီ အငှါးလိုက် အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ်ကိုင်သူမှုများမှာ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၄၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၂၅)အိမ် ခန့် လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်း ကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာ တက်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာ သားငါးထွက်ကုန် မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့် အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင် ရှိမှု အားနည်းပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန ဖြစ်ပါသည်။ သမဝါယမ အဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင် ဖြစ်လျှင် ထုတ်ချေးနိုင် သည်။ အဖွဲ့ဝင် ဖြစ်ရန် (၅၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျဗန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ (၂) မျိုးရှိသည်။ အတိုးနှုန်းလည်း မတူပါ။ ချေးငွေ ပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ် (၁၀၀၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။ စိုက်ပျိုးရေး ချေးငွေနှင့် ကျဗန်းများအား ချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေး ချေးငွေမှာ (၂၀၀၀၀၀) ကျပ် ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ(၇) မျိုးလိုအပ်ပါသည်။ သို့ရာတွင် ကျဗန်း မိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိပါသည်။ အဘယ်ကြောင့် ဆိုသော် ပြန် လည်ပေးဆပ်ရသည့်ပုံစံမှာ (နှစ်ပတ်လျှင်

တစ်ကြိမ်) ပြန်လည် ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရ လုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ပန်းတနော်မြို့မှ ကုန်းတန်းကြီးကျေးရွာသို့ (၁၂) မိုင်အတိုင်းအတာရှိ၍ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဝါးခယ်မမြို့နယ်တို့၏ နယ်မြေအဆုံးတွင် တည်ရှိသော ရွာလေး ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် ရေကြောင်းလမ်းနှင့် ကုန်းလမ်းနှစ်ခုစလုံးကို အသုံးပြုနိုင်ပါသည်။ ရေကြောင်းလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး ကုန်လမ်းကို ပွင့်လင်းရာသီမှသာ သွားလာ အသုံးပြုနိုင်သည်။ အသုံးပြုနိုင်သော ယာဉ်များမှာ လှေ (၈) စီး၊ စက်လှေ (၁)စီး၊ စက်ဘီး (၁၄)စီး၊ ထော်လာဂျီ (၁)စီးနှင့် မော်တော်ဆိုင်ကယ် (၄၉) စီးရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ်ကို ကျေးရွာလူထုမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့် အဆင်ပြေစွာ သွားလာနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ကျေးရွာ၏ တံတားတည်ရှိမှုတွင် (၁၀) ပေ ကွန်ကရစ်တံတား (၁) စင်း တည်ရှိပြီး အဆိုပါ တံတားမှာ ကွန်ကရစ် တံတားဖြစ်သောကြောင့် ရာသီမရွေးသွားလာဖြတ်သွားလာနေကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာမီးအလင်းရောင်အတွက် ဆိုလာမီးအလင်းကို အိမ်ခြေ (၇၉) အိမ် အသုံးပြုပြီး ဘက်ထရီနှင့် မီးချောင်းကို အိမ်ခြေ (၅) အိမ် အသုံးပြုနေပါသည်။ အိမ်ခြေ (၈၄) အိမ်ရှိပြီး လျှပ်စစ်ဓါတ်အားလိုင်းနှင့် ဝေးကွာပြီး ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးလင်းရေးရရှိရန်မှာ ကြန့်ကြာနိုင်ပါသည်။ ကျေးရွာလူထုမှ လျှပ်စစ်မီးလင်းရေးရရှိရန် စိတ်ဝင်စားကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကုန်းတန်းကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၇၀)လုံး၊ ရေဒီယို (၁၁)လုံး၊ တီဗွီ (၁၉)လုံး၊ ဂြိုလ်တုစလောင်း (၄)လုံး စသည်တို့မှ ရရှိသည့်အပြင် **Ooredoo, MPT, Mytel, Telenor** ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကုန်းတန်းကြီးကျေးရွာရှိတွင်း အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသား/ ကျောင်းသူများ ပညာသင်ကြားနေပြီး အဆိုပါ ကျောင်းဆောင်မှာ (၆၀’ x၃၀’ x၁၈’’ ) ရှိသော တစ်ထပ်တိုက် ကျောင်းဖြစ်ပြီး အရည်အသွေး ကောင်းမွန်မှု ရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက်ဆရာ (၁)ဦးရှိပါသည်။ ဆရာတပြည့် အချိုးအားဖြင့် (၄၀) အောက် ဖြစ်ပါသည်။ ကျောင်းသား /ကျောင်းသူ (၄၀)ဦး ရှိပါသည်။ သောက်သုံးရေကို ကျောင်းဝန်းအတွင်းရှိ လက်နှိပ် တုံတင် တွင် ခပ်ယူသုံးစွဲပါသည်။ (၂) ခန်းတွဲ အိမ်သာ (၁)လုံးသာ ရှိပြီး လုံလောက်မှု မရှိပါ။ ထိုင်ခုံ နှင့် စာရေးခုံများလည်း လိုအပ်လျှက်ရှိပါသည်။

ကျေးရွာမှ ကလေးအားကစားကွင်းများလည်း လိုအပ်လျှက်ရှိပါသည်။ သောက်ရေအတွက် အခက်အခဲရှိသောကြောင့် ကျောင်းသား/သူများအတွက် ဂါလံ (၂၀၀၀)ဆန့် မိုးရေလှောင်ကန် တစ်ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံနိုင်ပေမည်။ ကျောင်းသား/ သူများသည် ပြလင်းချောင်းကြီး ကျေးရွာရှိ အခြေခံ ပညာ အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားနေပြီး အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအား ပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘ ဆရာများမှ ဝိုင်းဝန်းဆောင်ရွက်ပေးရန်မှာ အရေးပါလှပါသည်။

- ကျေးရွာတွင် စာမတတ်သူဆို၍ အသက်(၅)နှစ် မပြည့်သေးသူများသာ ရှိပါသည်။ မူလတန်း အဆင့် စာတက်မြောက်သည့် လူဦးရေမှာ (၆၅.၂) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတက်မြောက် သူ ဦးရေးမှာ (၂၅.၅) ရာခိုင်နှုန်းနှင့် အထက်တန်းအဆင့် စာတက်မြောက်သူမှာ (၁၀.၄၂) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်သူ ဦးရေမှာ (၃) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ် ကောင်းများ ဖြစ်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၁၂)မိုင်အတွင်း ကွာဝေးသော ပန်းတနော် ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ အသေးစား ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ကုန်းတန်းကြီး ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေးအတွက်က ပန်းတနော်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။ ကျေးရွာ အတွင်းတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း တစ်ခန်းထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်း တစ်ဦးရှိခြင်းဖြင့် ကျေးရွာအတွက်ပါ ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။

အင်းရေနှင့် လက်နှိပ်တုံကင်စက်တပ် (၁၃)တွင်းရှိသော်လည်း သောက်ရေအတွက် လုံလောက်မှု ရှိသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ ကျေးရွာသောက်သုံးရေ လိုအပ်ချက်ကို ဖြည့်ဆီးရန်အတွက် (၄) လက်မ စက်ရေတွင်း တစ်တွင်းနှင့် အုတ်ရေကန် တစ်ကန် လိုအပ်လျှက် ရှိပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ **(၇၅)**အိမ်၊ ယင်လုံအိမ်သာ ဆောက်လုပ်ရာ တွင် မြေပြိုခြင်း၊ ကမ်းပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ်နိုင်မည် ဖြစ်သဖြင့် ကုန်ကျ စရိတ်များပြားမှုကြောင့် ကျေးရွာအနေဖြင့် သင့်တော်သည့် ယင်လုံအိမ်သာများ ဆောက်လုပ် သုံးစွဲကြပါသည်။ ထို့ကြောင့် အများစုမှာ ယင်လုံအိမ်သာ ဆောက်လုပ်ကြသော်လည်း စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိက ကျကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ကုန်းတန်းကြီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လုပ်စား၊ ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်း အိမ်ထောင်စုများသည် သဘောဝဘေးနှင့် စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံ တွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ကုန်းတန်းကြီးကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုး စိတ်များ အနည်းငယ်ရှိပြီး၊ အိမ်ထောင်စုများမှစားသုံးရန် ထမင်း၊ ဟင်းများ ချက်ပြုတ်ရန် ထင်းများ ခုတ်ယူ သုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ တီဘီရောဂါဖြစ်ပွားသည့် လူနာအငယ်နည်း ရှိပါသည်။ တိရစ္ဆာန်ရောဂါများသည့် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာဂေါနှင့် ကြက်၊ ဝက်၊ တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

**၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

ကုန်းတန်းကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက် များ ပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့် ရရှိကြသည်။ နေ့စားအလုပ် လုပ်ကိုင်သူများမှာ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၄၀၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ၏ စာတတ် မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ် ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်း ကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဦးစားပေး ဆောင်ရွက်မည့် အဆိုပြု စီမံချက် လုပ်ငန်းများ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အခြေခံ အဆောက်အဦ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၄၀ | ၁ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့်မြို့နယ် ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| ကျန်းမာရေး | ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | ၃၅ | ၂ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| အခြေခံ အဆောက်အဦ | ကျေးရွာအဝင် တံတားတည်ဆောက်ခြင်း | ၃၃ | ၃ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့်မြို့နယ် ကျေး လက်ဦးစီးဌာနသို့တင်ပြတောင်းခံသွားမည်။ | |
| အခြေခံ အဆောက်အဦ | သန့်ရှင်းသော သောက်သုံး ရေ ရရှိရေး | ၂၇ | ၄ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့်မြို့နယ် ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| စိုက်/မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း | အသက်မွေးဝမ်းကျောင်း သင်တန်း | ၂၅ | ၅ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် ကုမ္ပဏီများ၊ အစိုးရဌာနများ၊ပြည်ပအဖွဲ့အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်သွားမည်။ | |

နောက်ဆက်တွဲ (၁)

## ကုန်းတန်းကြီးကျေးရွာအုပ်စု၊ကုန်းတန်းကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမျက်လုံး | ဦးလှဝင်း | ၁၄/ပတန(နိုင်)၀၆၁၁၂၃ | ၆၀ | ဥက္ကဋ္ဌ | ၀၉-၇၉၃၄၈၆၀၅၄ |
| ၂ | ဦးဝင်းသိန်း | ဦးရှမ်ကေ | ၁၄/ပတန(နိုင်)၁၁၂၄၃၃ | ၄၇ | အတွင်းရေးမှူး | ၀၉-၇၇၈၃၆၉၁၀၃ |
| ၃ | ဦးထွန်းဝင်း | ဦးတင်လုံး | ၁၄/ပတန(နိုင်)၁၈၂၇၇၆ | ၂၃ | ဘဏ္ဍာရေးမှူး | ၀၉-၇၆၉၇၈၅၇၈၇ |
| ၄ | ဦးမိုးဝင်း | ဦးဝင်းဦး | ၁၄/ပတန(နိုင်)၁၂၆၉၈၅၄ | ၃၂ | စာရင်းကိုင် | ၀၉-၇၆၄၇၂၈၅၂၂ |
| ၅ | ဦးဖြိုးလေး | ဦးပြူး | ၁၄/ပတန(နိုင်) | ၂၂ | အဖွဲ့ဝင် | ၀၉-၆၆၅၄၇၅၄၄၇ |
| ၆ | ဦးမျိုးမင်းဇော် | ဦးသန်းထွေး | ၁၄/ပတန(နိုင်)၁၇၉၆၄၄ | ၂၉ | အဖွဲ့ဝင် | |
| ၇ | ဦးသန်းမင်းဦး | ဦးအေးသန်း | ၁၄/ပတန(နိုင်) | ၃၅ | ဝယ်ယူရေး ဥက္ကဋ္ဌ | |
| ၈ | ဦးမောင်ချစ် | ဦးခင်ရွှေ | ၁၄/ပတန(နိုင်)၂၈၂၄၀၉ | ၂၃ | အဖွဲ့ဝင် | ၀၉-၆၇၆၅၇၉၃၀၂ |
| ၉ | ဦးသက်ဇော်ဌေး | ဦးပြူး | ၁၄/ပတန(နိုင်)၂၂၅၆၅၆ | ၃၀ | အဖွဲ့ဝင် | |
| ၁၀ | ဒေါ်ခိုင်ဝင်းရွှေ | ဦးမျက်လုံး | ၁၄/ပတန(နိုင်)၁၂၈၂၄၃၈ | ၄၀ | အဖွဲ့ဝင် | ၀၉-၇၇၈၇၆၈၈၅၄ |
| ၁၁ | ဒေါ်ဝိုင်း | ဦးဆင်ကြီး | ၁၄/ပတန(နိုင်)၁၁၄၅၉၅၈ | ၄၈ | အဖွဲ့ဝင် | |
| ၁၂ | ဒေါ်မိထွေး | ဦးပတ်ကြီးဒု | ၁၄/ပတန(နိုင်)၁၄၆၀၂၀ | ၄၀ | အဖွဲ့ဝင် | ၀၉-၉၆၃၈၉၉၁၇၁ |
| ၁၃ | ဦးလူဇော် | ဦးပြူး | ၁၄/ပတန(နိုင်) | ၃၂ | အဖွဲ့ဝင် | ၀၉-၇၉၆၇၇၆၄၉၇ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | | | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၄ | ၁၈ | ၄၂ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၁၆ | ၄၀ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၁၇ | ၃၉ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၂ | ၁၁၁ | ၂၃၃ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁ | | | - | - |
| စုစုပေါင်း | | ၁၉၃ | ၁၆၂ | ၃၅၅ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၈၄ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကုန်းတန်းကြီး ကျေးရွာတွင် ကျား (၁၉၃)ဦးနှင့်မ (၁၆၂) ဦး စုစုပေါင်း (၃၅၅) ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်မှာ ကျား၊ မ (၂၃၃) ဦး အများဆုံး ဖြစ်ပြီး မသန်စွမ်းသူ ကျား၊ မ မရှိပါ။ ကျွန်တော်တို့ ကျေးရွာသည် ကျား၊ မ အင်အားတွင် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် သက်ကြီး ရွယ်ကြီး (၁)ဦးရှိပြီး ၎င်းမှာ မသန်စွမ်းသူများ စာရင်းတွင် မပါဝင်ပြီး ကျန်းမာကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ)	အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၉ | ၇၄ | ၄ | ၈ | ၄ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☑ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၃ | ၆၄ | ၅ | ၉ | ၁၂ | - | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၈၄ | ၁၄၂ | ၉ | ၁၇ | ၁၆ | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေ ကိုဆိုလိုပါသည်။ဥပမာ – **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကုန်းတန်းကြီး ကျေးရွာသည် **လယ်ယာစိုက်ပျိုးရေးကို** အဓိက လုပ်ကိုင်ကြပြီး ပဲနှင့် ကွမ်းစိုက်သူများ အနည်းငယ်ရှိပါသည်။ အလုပ်လုပ်ကိုင်ရာတွင် မိသားစုဝင် လုပ်အားဖြင့် မလုံလောက်၍ အငှားလုပ်အားခေါ်ယူမှုများ ရှိပါသည်။ ပန်းရံနှင့် လက်သမား အလုပ်ငန်းများကို ကျပန်းလုပ်ငန်း လုပ်လိုသူ အများဆုံး လုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ပန်းရံ လက်သမား **အငှား လုပ်ကိုင်သူ** အများအပြားရှိပြီး တစ်ရက် ဝင်ငွေ အများဆုံးမှာ ကျား (၅၀၀၀)၊ မ (၃၀၀၀) ရှိပြီး အနည်းဆုံးမှာ ကျား (၄၀၀၀) ၊(၃၀၀၀)ကျပ် ဖြစ်ပါသည်။ ကျား၊မ တန်းတူ လုပ်အား မရရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၈၇ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၈၇ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျေးရွာတွင် လယ် ၁၄၅ ဧကကိုယ်ပိုင် လုပ်ကိုင်ကြပြီး မြေသြဇာ လည်း အသင့်အတင့် ကောင်းမွန်ပါသည်။ မြေလွတ်မြေလပ်နှင့် သီးစာခံယူသည့် စွန့်လွှတ်မြေများ မရှိပါ။ လယ်မြေများတွင် အငှားလုပ်ကိုင်ကြသူများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျေးရွာတွင် သဘာဝ အပင်မျိုးစိတ်များ သဘာဝအတိုင်းတွေ့ရှိရပြီး ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ၊ သဘာဝ အပင်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပြီး ကျန်တွင်းထွက် သယံဇာတများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် | ညံ့ | အလွန်ညံ့ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| | | ကောင်း | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၃၀ | ၄၀ | ၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၂)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၃၀)စု၊ မပြေလည်သော အိမ်ထောင်စု (၄၀)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၂)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၁၃ | ၅ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___ ____<br>ချေးယူ = _____၁၃ __<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ____ ________<br>လုပ်အားခကြိုယူ = _____ ______ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____ ______<br>လုပ်အားခကြိုယူ = _____ ______ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာ၏ ဝမ်းစာဖူလုံမှု စစ်တမ်း ကောက်ယူရာတွင် (၃) လအောက် ဝမ်းစာ

ဖူလုံသူ (၁၃) ဦး ရှိပြီး (၃)လနှင့် ၆ လကြား ဝမ်းစာဖူလုံသူ ၊ ၆ လမှ ၁၂ လအထိ ဝမ်းစာဖူလုံသူ၊ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံသူ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။အများစုမှာ ဝမ်းစာအတွက် ဖြေရှင်းရခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာတွင် မိသားစု စောင့်ရှောက်မှု မရှိသော အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✔ | | | | ✔ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✔ | | | | ✔ | |
| ၃ | မုန်တိုင်းဒီရေ | ✔ | | | | ✔ | |
| ၄ | ဆူနာမီ | ✔ | | | | ✔ | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✔ | | | | ✔ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၆ | လေဆင်နှာမောင်း | ✔ | | | | ✔ | |
| ၇ | လျှင် | ✔ | | | | ✔ | |
